# *Lin Myanmar News Letter*

**린 미얀마는 비지니스를 압니다. 미얀마를 압니다**

**ရက်စွဲ - ဇန်နဝါရီ လ ၃၁ - ၂၀၂၅ ၊ စာအမှတ် - ၂၀၂၅ - ၀၁**

**လေးစားတန်ဖိုးထားရပါသော လူကြီးမင်းများရှင့်**

မင်္ဂလာပါ။ ဒီတစ်ခေါက် NewsLetterမှာတော့ **အကောက်ခွန်ဦးစီးဌာန၊ MACCS ဌာနခွဲ၏ ကြေညာချက်အမှတ် ( ၀၀၁/ ၂၀၂၅) / ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာ (၇/၂၀၂၄) နှင့် ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ ၂၂ အရ ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်နှင့် ရွှေ့ဆိုင်းခွင့်ရသူများ** ဖော်ပြပေးသွားပါမည်။

ပြည်သူ့စစ်မှုထမ်းဥပဒေအရ ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်နှင့် ရွှေ့ဆိုင်းခွင့်ရသူများ

ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ ၂၂ အရ၊ အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ရရှိမည်ဟု သတ်မှတ်ထားပါသည် -

(က) သာသနာ့ဝန်ထမ်းများ

(ခ) အိမ်ထောင်သည်အမျိုးသမီးများ (သားသမီးရှိသည့် အမျိုးသမီးများအပါအဝင်)

(ဂ) ကိုယ်လက်အင်္ဂါမသန်စွမ်းသူများ

(ဃ) ပြည်သူ့စစ်မှုထမ်းဆောင်ရန် မစွမ်းဆောင်နိုင်ကြောင်း စစ်ဆေးချက်အဖွဲ့မှ အတည်ပြုထားသူများ

(င) ပြည်သူ့စစ်မှုထမ်းခြင်းမှ ရွှေ့ဆိုင်းခွင့်ပြုထားသူများ

<u>ပြည်သူ့စစ်မှုထမ်းမှ ကင်းလွတ်ခွင့်ရသူများ</u>

(က) ဉာဏ်ရည်မမီခြင်း သို့မဟုတ် ကိုယ်ကျင့်တရားပျက်ပြားခြင်းကြောင့် စစ်မှုထမ်းရန် မသင့်ဟု သတ်မှတ်ခံရသူများ

(ခ) စိတ်ပိုင်းဆိုင်ရာပြဿနာများကြောင့် စိတ်ကျန်းမာရေးစစ်ဆေးမှုအရ စိတ်မငြိမ်သူများအဖြစ် သတ်မှတ်ခံရသူများ

(ဂ) နိုင်ငံတော်အတွက် အရေးပါသော လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေပြီး အစားထိုးမရနိုင်သော ကျွမ်းကျင်သူများ

(ဃ) တိုက်ပွဲအတွင်း ကျဆုံးသွားသော စစ်သားများ၊ မြန်မာရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်သားများ၏ သားသမီးများ (မွေးစားသားသမီးများ မပါဝင်)

မှတ်ချက် - အကယ်၍ သားသမီးများသည် စစ်မှုထမ်းရန် စိတ်ပါဝင်စားပါက စစ်မှုထမ်းခွင့်ပြုနိုင်သည်။

(င) အာဆီယံ၊ အာရှနှင့် ကမ္ဘာ့အဆင့် ပြိုင်ပွဲများတွင် ရွှေ၊ ငွေ၊ ကြေးတံဆိပ်များ ရရှိခဲ့သော အားကစားသမားများ

(စ) နိုင်ငံတော်အစိုးရဝန်ထမ်းအဖြစ် ၂ နှစ်နှင့်အထက် လုပ်သက်ရှိသော ဆရာဝန်များနှင့် သူနာပြုများ

(ဆ) ၂ နှစ်နှင့်အထက် လုပ်သက်ရှိသော စစ်မှုထမ်းဟောင်းများနှင့် အစားထိုးမရနိုင်သော အရပ်ဘက်ဝန်ထမ်းများ

(ဇ) ပြည်သူ့စစ်မှုထမ်းမှ ကင်းလွတ်ခွင့်ရရှိရန် ခိုင်မာသောအကြောင်းပြချက်များ ပေးနိုင်သူများ

 လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းကာလကို လျှော့ပေါ့ခွင့်ပြုနိုင်သူများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံတော်အစိုးရဝန်ထမ်းအဖြစ် ၂၀ နှစ်နှင့်အထက် လုပ်ကိုင်နေပါက သို့မဟုတ် နိုင်ငံတော်အစိုးရဝန်ထမ်းအဖြစ် အငြိမ်းစားယူပြီးပါက၊ ထိုလျှောက်ထားသူသည် စစ်မှုထမ်းကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ခွင့်ရရှိမည်။

(ခ) လျှောက်ထားသူ၏ မိဘတစ်ဦးသည် နိုင်ငံတော်အစိုးရဝန်ထမ်းအဖြစ် ၂၀ နှစ်နှင့်အထက် လုပ်ကိုင်နေပါက သို့မဟုတ် နိုင်ငံတော်အစိုးရဝန်ထမ်းအဖြစ် အငြိမ်းစားယူပြီးပါက၊ ထိုလျှောက်ထားသူသည် စစ်မှုထမ်းကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ခွင့်ရရှိမည်။

(ဂ) စစ်မှုထမ်းနေစဉ် ဒဏ်ရာရရှိသော စစ်သားသည် ဒဏ်ရာရရှိသည့်နေ့မှစ၍ ကျန်ရှိသော စစ်မှုထမ်းကာလအတွက် လျှော့ပေါ့ခွင့်ရရှိမည်။

ရွှေ့ဆိုင်းခွင့်

ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ ၁၅ (က) အရ၊ ပြည်သူ့စစ်မှုထမ်းခေါ်ယူမှုဆိုင်ရာ ဗဟိုကော်မတီသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဌာနများမှ တင်ပြလာသော လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအခြေအနေများတွင် စစ်မှုထမ်းခြင်းကို ယာယီရွှေ့ဆိုင်းခွင့်ပြုနိုင်သည် -

(က) ကျန်းမာရေးအကြောင်းပြချက်များကြောင့် စစ်မှုထမ်းရန် ယာယီမစွမ်းဆောင်နိုင်သူများ၊ စစ်ဆေးချက်အဖွဲ့မှ အတည်ပြုထားသူများ

(ခ) နိုင်ငံတော်အစိုးရဝန်ထမ်းများ

(ဂ) ပညာသင်ကြားနေသော ကျောင်းသားများ

(ဃ) အခြားမှီခိုသူမရှိသော သက်ကြီးရွယ်အိုများ သို့မဟုတ် မှီခိုအားထားရသူများကို စောင့်ရှောက်နေသူများ

(င) မူးယစ်ဆေးဝါးကုသမှုခံယူနေသူများ

(စ) ပြစ်ဒဏ်ကျခံနေရသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ -

(က) စစ်မှုထမ်းခေါ်ယူမှုအမိန့်ကို လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသောနေ့အထိ၊ မိဘတစ်ဦး သို့မဟုတ် အိမ်ထောင်သည်ဖြစ်ပါက မိဘနှစ်ဦးစလုံး ရုတ်တရက်ကွယ်လွန်သွားပါက။

(ခ) စစ်မှုထမ်းခေါ်ယူမှုအမိန့်ကို လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသောနေ့အထိ၊ မတော်တဆမှု သို့မဟုတ် အပြင်ပိုင်းအကြောင်းပြချက်များကြောင့် ခန္ဓာကိုယ်တစ်စိတ်တစ်ပိုင်းတွင် ပြင်းထန်စွာ ဒဏ်ရာရရှိပါက။

(ဂ) ဥပဒေအရ ဖမ်းဆီးခံထားရသူများ သို့မဟုတ် တရားရုံးတွင် ရာဇဝတ်မှုစစ်ဆေးနေရသူများ။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ သီးခြားနယ်ပယ်တစ်ခုကို လေ့လာသင်ယူနေသူများ။

(င) စစ်မှုထမ်းခြင်းကို ရွှေ့ဆိုင်းရန် အရေးတကြီးလိုအပ်နေသူများ။

ဖော်ပြထားသည့် ကင်းလွတ်ခွင့်ပြုခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များသည် ပြည်သူ့စစ်မှုထမ်းဥပဒေအရ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာရမည်ဖြစ်ပြီး၊ ထိုကင်းလွတ်ခွင့်များကို သက်ဆိုင်ရာအဖွဲ့အစည်းများက စိစစ်ပြီး ခွင့်ပြုချက်ထုတ်ပေးမည်ဖြစ်သည်။

## အသိပေးကြေညာခြင်း

၁။ ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာ (၇/၂၀၂၄) တွင် ဖော်ပြထားသည့် ကုန်စည်အုပ်စု(၅)မျိုး အနက် ကုန်စည်အုပ်စု(၄)မျိုး၊ HS Code 10 Digit ကုန်စည်လိုင်း(၆၈၅)လိုင်းအား အကောက်ခွန်ကုန်လှောင်ရုံတွင် ထည့်သွင်းသိုလှောင်ခွင့်ပြုရန် လျှောက်ထားလာပါက ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်၍လည်းကောင်း၊ CMP စနစ်ဖြင့် တင်သွင်းသည့် ကုန်ကြမ်းပစ္စည်း၊ စက်ပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအား အကောက်ခွန်ကုန်လှောင်ရုံတွင် ထည့်သွင်းသိုလှောင်ခွင့်ပြုရန် လျှောက်ထားလာပါက ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှ စတင်၍လည်းကောင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာနမှ အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှ စတင်၍ အကောက်ခွန်ကုန်လှောင်ရုံတွင် ထည့်သွင်းသိုလှောင်ခွင့်ပြုသည့် CMP စနစ်ဖြင့် တင်သွင်းသည့် ကုန်ကြမ်းပစ္စည်း၊ စက်ပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအား ကုန်လှောင်ရုံထည့်သွင်းခွင့် လျှောက်ထားလာပါက ကုန်လှောင်ရုံ ထည့်သွင်းခွင့်လျှောက်ထားသည့် ကုမ္ပဏီများသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီ၏ ခွင့်ပြုချက်ရရှိပြီး CMP လုပ်ငန်းဆောင်ရွက်ခွင့်ရ ကုမ္ပဏီများဖြစ်ရမည့်အပြင် CMP စနစ်ဖြင့် တင်သွင်းသည့် ကုန်ကြမ်းပစ္စည်းအလိုက် သက်ဆိုင်ရာ CMP အသင်းများ၏ အကောက်ခွန်ကုန်လှောင်ရုံ ထည့်သွင်းခွင့်အတွက် ထောက်ခံချက် တင်ပြရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**

**အကောက်ခွန်ဦးစီးဌာန၊ MACCS ဌာနခွဲ၏ ကြေညာချက်အမှတ် ( ၀၀၁ / ၂၀၂၅)**

ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်

**တင်သွင်းတင်ပို့သူများ၊ အကောက်ခွန်ကြေညာလွှာတင်သွင်းသူများ သိရှိနိုင်ပါရန်**

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ( ၉၀ / ၂၀၂၄) အရ အကောက်ခွန်ဦးစီးဌာနသည် ၁-၁-၂၀၂၅ ရက်နေ့မှစ၍ တင်သွင်း၊ တင်ပို့သည့် ကုန်ပစ္စည်းများအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နေ့စဉ်ထုတ်ပြန်လျက်ရှိသော ဈေးကွက်ငွေလဲလှယ်နှုန်း (Market Trading Rate) ကို အခြေခံသည့် အပတ်စဉ်နိုင်ငံခြားငွေလဲလှယ်နှုန်း (Weekly Exchange Rate) ဖြင့် အခွန်စည်းကြပ်ကောက်ခံခဲ့ပါသည်။

၂။ ယခုအခါ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ယခင်ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာ အမှတ် (၉၀/၂၀၂၄)ကို ပယ်ဖျက်ပြီး အမိန့်ကြော်ငြာစာအမှတ် ( ၈ /၂၀၂၅) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါအမိန့်ကြော်ငြာစာအရ တင်သွင်း၊ တင်ပို့သည့် ကုန်ပစ္စည်းများအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နေ့စဉ်ထုတ်ပြန်လျက်ရှိသော ရည်ညွှန်းငွေလဲလှယ်နှုန်း (Reference Rate) ကို အခြေခံသည့် အပတ်စဉ်နိုင်ငံခြားငွေလဲလှယ်နှုန်း (Weekly Exchange Rate) ဖြင့် ၂၅-၁-၂၀၂၅ ရက်နေ့ (၀၀:၀၀:၀၁) နာရီအချိန်မှစ၍ ပြောင်းလဲအသုံးပြုသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**MACCS ဌာနခွဲ**

**အကောက်ခွန်ဦးစီးဌာန**

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ၊ လျှော့ပေါ့ခွင့်ရသူများနှင့် ရွှေ့ဆိုင်းခွင့်ရသူများ

## ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်း မသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က)ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိုတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။ **မှတ်ချက်။** အကယ်၍ ၎င်း သားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘော ဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည် အစားခန့် အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေ လိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ လျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက်တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့ နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆ ဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**

# ပြည်သူ့စစ်မှုထမ်းဥပဒေ

**(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်၊ ၂၇/၂၀၁၀)**

**၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်**

**(၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၄ ရက်)**

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသဖြင့် ယင်းတာဝန်ကို ထမ်းဆောင်နိုင်ရေးအလို့ငှာ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော် ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **ပြည်သူ့စစ်မှုထမ်းဥပဒေ**ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် နေ့ရက်တွင် စတင် အာဏာတည်ရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။

(က) **ပြည်သူ့စစ်မှုထမ်း** ဆိုသည်မှာ ဤဥပဒေအရ စစ်မှုထမ်းဆောင်သည့် နိုင်ငံသားကို ဆိုသည်။

(ခ) **စစ်မှုထမ်းရမည့် အသက်အရွယ်ရောက်သူ** ဆိုသည်မှာ အမျိုးသားဖြစ်လျှင် အသက် ၁၈ နှစ်ပြည့်ပြီး၍ အသက် ၃၅ နှစ် မပြည့်သေးသော နိုင်ငံသားတိုင်းကို လည်းကောင်း၊ အမျိုးသမီးဖြစ်လျှင် အသက် ၁၈ နှစ် ပြည့်ပြီး၍ အသက် ၂၇ နှစ် မပြည့်သေးသော နိုင်ငံသားတိုင်းကို လည်းကောင်း၊ ကျွမ်းကျင်သူ အမျိုးသားဖြစ်လျှင် အသက် ၁၈ နှစ် ပြည့်ပြီး၍ အသက် ၄၅ နှစ် မပြည့်သေးသော နိုင်ငံသားကိုလည်းကောင်း၊ ကျွမ်းကျင်သူ အမျိုးသမီးဖြစ်လျှင် အသက် ၁၈ နှစ် ပြည့်ပြီး၍ အသက် ၃၅ နှစ် မပြည့်သေးသော နိုင်ငံသားကိုလည်းကောင်း ဆိုသည်။

(ဂ) **တပ်မတော်စက်မှုလက်မှုပညာသည်** ဆိုသည်မှာ တပ်မတော်တွင်အမှုထမ်းလျက်ရှိသော ဝန်ထမ်းများအနက် ကာကွယ်ရေး ဌာနကောင်စီ အမိန့်ဖြင့် သတ်မှတ်သော ပညာသည် အုပ်စုဝင်ဇယား၌ ပါဝင်သည့် စက်မှုလက်မှုပညာ ကျွမ်းကျင်သူကို ဆိုသည်။

Myanmar Law Information System (MLIS)

(ဃ) **ကျွမ်းကျင်သူ** ဆိုသည်မှာ ဆရာဝန်၊ အင်ဂျင်နီယာ၊ စက်မှုလက်မှုပညာ တတ်မြောက်သူ သို့မဟုတ် အခြား အတတ်ပညာ တစ်ရပ်ရပ်ဖြင့် အသက်မွေးဝမ်းကျောင်း နေသူများကို ဆိုသည်။

(င) **မိသားစုဝင်** ဆိုသည်မှာ မိဘ၊ ခင်ပွန်း သို့မဟုတ် ဇနီး၊ သားသမီး၊ ညီအစ်ကို မောင်နှမကို ဆိုသည်။

(စ) **သာသနာ့ဝန်ထမ်း** ဆိုသည်မှာ အောက်ပါတို့ကို ဆိုသည်-

(၁) ဗုဒ္ဓဘာသာအတွက်ဖြစ်လျှင်၊ ဗုဒ္ဓသာသနာဝန်ကို အစဉ်ထမ်းရွက်နေသော သာသနာနွယ်ဝင် လက်မှတ် ကိုင်ဆောင်ထားသည့် ရဟန်း၊ သာမဏေ နှင့် သီလရှင်၊

(၂) ခရစ်ယာန်ဘာသာအတွက်ဖြစ်လျှင် သာသနာဝန်ထမ်းဆောင်ရန် အဓိကအားဖြင့် မိမိကိုယ်ကို ဆက်ကပ်ပြီးသောပုဂ္ဂိုလ်ဟု သက်ဆိုင်ရာ ခရစ်ယာန် အသင်းတော်ကြီးများ (Churches) က အသိအမှတ်ပြု၍ သိက္ခာပေးထားခြင်း ခံရသောပုဂ္ဂိုလ်၊

(၃) ဟိန္ဒူဘာသာအတွက်ဖြစ်လျှင် စံယာစီ၊ မဟန့် သို့တည်းမဟုတ် ဟိန္ဒူဘုန်းတော်ကြီး။

(ဆ) **ပညာသင်ကြားနေသူ** ဆိုသည်မှာ အစိုးရကဖွင့်လှစ်ထားသော သို့မဟုတ် အသိအမှတ်ပြု ထားသော တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများတွင် ပညာသင်ကြားနေသူများကို ဆိုသည်။

## အခန်း (၂)
## ပြည်သူ့စစ်မှုထမ်းရန်ကာလ

၃။ ပြည်သူ့စစ်မှုထမ်းရန်ကာလကို အောက်ပါအတိုင်းသတ်မှတ်သည်-

(က) စစ်မှုထမ်းရမည့် အသက်အရွယ်ရောက်ရှိသော နိုင်ငံသားတိုင်းကို (၂၄)လ ထက်မပိုသည့် ကာလ အပိုင်းအခြား အတွက် စစ်မှုထမ်းရန် ဆင့်ခေါ်နိုင်သည်။

(ခ) စစ်မှုထမ်းရမည့် အသက်အရွယ်ရောက်ရှိသော နိုင်ငံသားများအနက် တပ်မတော် စက်မှုလက်မှု ပညာသည်များအဖြစ် အမှုထမ်းရန် ဆင့်ခေါ်ခြင်း ခံရသူများကို (၃၆) လထက် မပိုသည့် ကာလ အပိုင်းအခြားအတွက် စစ်မှုထမ်းရန် ဆင့်ခေါ်နိုင်သည်။

(ဂ) စစ်မှုထမ်းရမည့် အသက်အရွယ်ရောက်ရှိသော ကျွမ်းကျင်သူများအား (၃၆) လထက်မပိုသည့် ကာလ အပိုင်းအခြား အတွက် စစ်မှုထမ်းရန် ဆင့်ခေါ်နိုင်သည်။

၄။ နိုင်ငံတော်တွင် အရေးပေါ် အခြေအနေဖြစ်ပေါ်လျှင် အစိုးရအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းရန် ကာလကို (၅)နှစ်အထိ တိုးမြှင့် သတ်မှတ်နိုင်သည်။

၅။ ပြည်သူ့စစ်မှုထမ်း၏ စစ်မှုထမ်းသည့်ကာလကို ရေတွက်ရာ၌ စစ်မှုထမ်းဆောင်နေချိန်အတွင်း ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေအရ စစ်တရားရုံးဖြင့် မဟုတ်ဘဲ အခြားနည်းဖြင့် ချမှတ်သော ပြစ်ဒဏ် ကာလကိုလည်းကောင်း၊ စစ်တရားရုံးကဖြစ်စေ၊ နယ်ဘက်တရားရုံးကဖြစ်စေ စစ်ဆေးအပြစ်ပေးသော ပြစ်ဒဏ်ကာလကိုလည်းကောင်း ထည့်သွင်းရေတွက်ခြင်း မပြုရ။

Myanmar Law Information System (MLIS)

## အခန်း (၃)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့အဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ

၆။ အစိုးရအဖွဲ့ သို့မဟုတ် ယင်းက အာဏာအပ်နှင်းထားသော အဖွဲ့အစည်းသည် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး ဗဟိုအဖွဲ့ကို ဖွဲ့စည်းရမည်။

၇။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့သည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့၊ ခရိုင်အဖွဲ့နှင့် မြို့နယ်အဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။

(ခ) ပြည်သူ့စစ်မှုထမ်းရန် ဆင့်ခေါ်ခြင်းခံရသူများအား ဆေးစစ်ဆေးခြင်းကို တပ်မတော် ဆေးစစ်ဆေးရေး ဘုတ်အဖွဲ့များဖြင့် ဆောင်ရွက်ရမည်။

၈။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် မိမိရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုတွင် နေထိုင်သော နိုင်ငံသားများအနက် ဒီဇင်ဘာလ ၃၁ရက်နေ့တွင် စစ်မှုထမ်းရမည့် အသက်အရွယ်ရောက်သူများ၏ စာရင်းကို ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး မြို့နယ်အဖွဲ့သို့ သတ်မှတ်ချက်များနှင့် အညီ နှစ်စဉ် ဇန်နဝါရီလ ၁ ရက်နေ့ အရောက် ပြုစုပေးပို့ရမည်။

၉။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးမြို့နယ်အဖွဲ့သည်-

(က) စစ်မှုထမ်းရမည့် အသက်အရွယ်ရောက်သူ နိုင်ငံသားတိုင်းအားဆင့်ခေါ်၍ မှတ်ပုံတင်ထားရမည်။ ယင်းသို့ မှတ်ပုံတင် ထားခြင်းအတွက် မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

(ခ) မှတ်ပုံတင်လက်မှတ် လက်ဝယ်ရရှိထားပြီးသော စစ်မှုထမ်းရမည့် အသက်အရွယ်ရောက်သူကို ဆေးစစ်ရန်အတွက် ဆင့်ခေါ်နိုင်သည်။

၁၀။ (က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးမြို့နယ်အဖွဲ့၏ ပြည်သူ့စစ်မှုထမ်းရန် ဆင့်ခေါ်ခြင်းခံရသူသည် ဆင့်ခေါ်ရေး အမိန့်စာ၌ ဖော်ပြထားသော တပ် သို့မဟုတ် ဌာနသို့ သတ်မှတ်ကာလအတွင်း မပျက်မကွက် သတင်းပို့ရမည်။

(ခ) ဤဥပဒေနှင့်စပ်လျဉ်းသည့် ကိစ္စတစ်ခုခုအတွက် စစ်မှုထမ်းရမည့် အသက်အရွယ်ရောက်သူ တစ်ဦးဦးထံသို့ ပေးပို့သော ဆင့်ခေါ်ရေးအမိန့်စာကို သက်ဆိုင်ရာပုဂ္ဂိုလ်ထံသို့ ပေးပို့ရမည်။ အကယ်၍ ယင်းပုဂ္ဂိုလ်ကိုမတွေ့ရှိပါက အတူနေမိသားစုဝင် တစ်ဦးဦး၏ လက်ဝယ်သို့ သက်သေ တစ်ဦး၏ ရှေ့မှောက်တွင် ပေးအပ်ရမည်။ ထိုဆင့်ခေါ်ရေး အမိန့်စာသည် စစ်မှုထမ်းရမည့်သူသို့ တိုက်ရိုက်ပေး ပြီးဖြစ်သကဲ့သို့ မှတ်ယူရမည်။

၁၁။ နိုင်ငံသားတစ်ဦးသည် ယင်းအားပြည်သူ့စစ်မှုထမ်း အဖြစ် လက်ခံခွင့်ပြုသည့် နေ့မှစ၍ ၁၉၅၉ ခုနှစ် တပ်မတော် အက်ဥပဒေကို လိုက်နာရမည်။

၁၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးမြို့နယ်အဖွဲ့သည်-

Myanmar Law Information System (MLIS)

(က) စစ်မှုထမ်းရမည့် အသက်အရွယ်ရောက်သူ တစ်ဦးအား စစ်မှုထမ်းရန် ဆင့်ခေါ်ရာတွင် ဆင့်ခေါ်ခြင်းခံရသူက မိမိအားစစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့် ပြုရန်ဖြစ်စေ၊ စစ်မှုထမ်းရမည့် ကာလအပိုင်းအခြားကို လျှော့ပေါ့ပေးရန်ဖြစ်စေ၊ သီးခြားဖော်ပြထားသော ကာလအပိုင်းအခြားအထိ ရွှေ့ဆိုင်းရန်ဖြစ်စေ အကြောင်းပြချက်များ ဖော်ပြလျက် လျှောက်လွှာ ဖြင့် ရေးသားတင်ပြလာပါက အောက်ပါအချက်များအား စုံစမ်းစစ်ဆေးရမည်-

(၁) ကိုယ်ရေးအချက်အလက်များ မှန်ကန်မှုရှိ/မရှိ၊

(၂) အကြောင်းပြချက်များသည် မှန်ကန်ခိုင်လုံမှုရှိ/မရှိ၊

(၃) စာရွက်စာတမ်းအထောက်အထားနှင့် ထောက်ခံချက်များ ပြည့်စုံစွာပူးတွဲတင်ပြခြင်းရှိ/မရှိ။

(ခ) လျှောက်လွှာပါ ကိုယ်ရေးအချက်အလက်များ ပြည့်စုံမှုမရှိလျှင် ဖြစ်စေ၊ စာရွက်စာတမ်း၊ အထောက်အထားနှင့် ထောက်ခံချက်များ လိုအပ်ပါလျက် ပူးတွဲတင်ပြခဲ့ခြင်း မရှိလျှင်ဖြစ်စေ လျှောက်လွှာတင်ပြသူထံ ပြန်လည် တောင်းခံရယူ ရမည်။

(ဂ)ပုဒ်မခွဲ (က)နှင့် (ခ) ပါ ဆောင်ရွက်ရမည့် ကိစ္စများ ဆောင်ရွက်ပြီးစီးပါက ဆင့်ခေါ်ခြင်းခံရသူ၏ လျှောက်လွှာနှင့်အတူလျှောက်ထားသူ၏ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့၏ ဆေးစစ်ဆေး တွေ့ရှိချက်၊ မိမိ၏စိစစ်တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို ပူးတွဲလျက် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးခရိုင်အဖွဲ့သို့ ဆက်လက်တင်ပြရမည်။

(ဃ) မြို့နယ်အတွင်းရှိ စစ်မှုထမ်းဆောင်ရန် သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသူများအား စာရင်းပြုစု၍ အထက်ဌာန အဆင့်ဆင့်သို့ တင်ပြရမည်။

၁၃။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးခရိုင် အဖွဲ့သည် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးမြို့နယ်အဖွဲ့မှ တင်ပြလာသော လျှောက်လွှာများ အပေါ်တွင် မိမိ၏ သဘောထားမှတ်ချက်ပြုလျက် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့သို့ ဆက်လက်တင်ပြရမည်။

၁၄။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့သည် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးခရိုင်အဖွဲ့မှ တင်ပြလာသောလျှောက်လွှာများအပေါ် မိမိ၏သဘောထားမှတ်ချက်ပြုလျက် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး ဗဟိုအဖွဲ့သို့ ဆက်လက်တင်ပြရမည်။

၁၅။ (က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သော ပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်-

(၁) ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော် ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ၊

(၂) နိုင်ငံ့ဝန်ထမ်းများ၊



Myanmar Law Information System (MLIS)

(၃) ပညာသင်ကြားနေသူများ၊

(၄) အခြားပြုစုစောင့်ရှောက်မည့်သူ မရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ၊

(၅) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ၊

(၆) ထောင်ဒဏ်ကျခံနေသူများ။

(ခ) ပုဒ်မခွဲ(က)ပါပုဂ္ဂိုလ်များသည် မိမိတို့အား ခွင့်ပြုထားသည့် ယာယီ ရွှေ့ဆိုင်းခွင့်ကာလများကို စစ်မှုထမ်းရမည့် အသက်အရွယ် ကျော်လွန်စေကာမူ သတ်မှတ်ထားသော ပြည်သူ့ စစ်မှုထမ်းဆောင်ရန် ကာလကို ပြည့်မီအောင် ထမ်းဆောင်ရမည်။

## အခန်း (၄)

## ပြည်သူ့စစ်မှုထမ်းတို့၏ခံစားခွင့်များ

၁၆။ ပြည်သူ့စစ်မှုထမ်းတစ်ဦးသည် စစ်မှုထမ်းဆောင်နေစဉ်အတွင်း တပ်မတော်တွင် သတ်မှတ်ထားသည့် အဆင့်အလိုက် လစာနှင့် စရိတ်အတိုင်း ခံစားခွင့်ရရှိစေရမည်။

၁၇။ ပြည်သူ့စစ်မှုထမ်းတစ်ဦးသည် စစ်မှုထမ်းကာလအတွင်း သေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့လျှင် တာဝန် ဝတ္တရားထမ်းဆောင်ခြင်းနှင့် အကျုံးဝင်ပါက တပ်မတော်တွင် သတ်မှတ်ထားသော ခံစားခွင့်များ ရရှိစေရမည်။

၁၈။ (က) ပြည်သူ့စစ်မှုထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသောနိုင်ငံ့ဝန်ထမ်းတစ်ဦးအား ယင်းတာဝန်ထမ်းဆောင်နေသည့် ကာလကို တာဝန်ချိန်အဖြစ် သတ်မှတ်သည်။

(ခ) ပုဒ်မ ၃ နှင့် ၄ ပါ ပြည်သူ့စစ်မှုထမ်းကာလပြီးဆုံးသော အလုပ်သမား တစ်ဦးအား မူလ ထမ်းဆောင်ခဲ့သော အလုပ်အကိုင် သို့မဟုတ် အလားတူ အလုပ်အကိုင်တွင် သတ်မှတ်ထားသည့်အတိုင်း အလုပ်ရှင်က ခန့်ထားရမည်။

၁၉။ ပုဒ်မ ၃ အရ သတ်မှတ်ထားသောကာလ ပြည့်သည်အထိ ပြည်သူ့စစ်မှုထမ်းဆောင်ပြီးသူ တစ်ဦးသည် မိမိသဘော ဆန္ဒအလျောက် တပ်မတော်သို့ ဝင်ရောက် အမှုထမ်းလိုပါက သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့် အညီ စစ်မှုထမ်းခွင့်ပြုနိုင်သည်။

၂၀။ ပါရဂူဘွဲ့ရသူများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဘွဲ့ရသူများနှင့် အခါအားလျော်စွာ သတ်မှတ်သည့် အရည်အချင်းနှင့် ပြည့်စုံသူများကို အရေးပေါ်ပြန်တမ်းဝင် အရာရှိအဖြစ် ခန့်အပ်နိုင် သည်။

## အခန်း(၅)

## စစ်စည်းရုံးခြင်း

၂၁။ (က) နိုင်ငံတော်၏ ဒေသအချို့တွင်လည်းကောင်း၊ နိုင်ငံတော်တဝှမ်းလုံးတွင် လည်းကောင်း၊ နိုင်ငံတော်ကာကွယ်ရေး နှင့်လုံခြုံရေးအတွက် အရေးပေါ် အခြေအနေ ပေါ်ပေါက်လျှင် နိုင်ငံတော်



Myanmar Law Information System (MLIS)

အစိုးရသည်၊ စစ်မှုထမ်းရန် အရွယ်ရောက်သူ အားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ၊ ပြည်သူ့စစ်မှုထမ်းတာဝန် ထမ်းဆောင်ပြီးသူအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ သင့်လျော်သည့်ဒေသ၌ စစ်စည်းရုံးခြင်းအမိန့် ထုတ်ဆင့်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အမိန့်ထုတ်ဆင့်သောအခါ ဆင့်ခေါ်ခြင်းခံရသူများသည် သက်ဆိုင်ရာ ဆင့်ခေါ်ရေး အဖွဲ့များသို့ သတ်မှတ်သည့် ကာလအတွင်းတွင် သတင်းပို့ရမည်။ ဆင့်ခေါ်ရေး အဖွဲ့များက စေလွှတ် သောတပ် သို့မဟုတ် ဌာနများသို့ သွားရောက်၍ စစ်မှုထမ်းကြရမည်။

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ဆင့်ခေါ်ခြင်းခံရသူ နိုင်ငံသားတစ်ဦးအား လုပ်ငန်းလိုအပ်ချက်အရ ယင်း၏ လုပ်ကိုင်ဆဲ အလုပ်တွင် ဆက်လက်လုပ်ကိုင်နေစေရန် ညွှန်ကြားနိုင်သည်။

## အခန်း (၆)
## ပြည်သူ့စစ်မှုထမ်းခြင်းမှကင်းလွတ်ခွင့်ပြုခြင်း

၂၂။ အောက်ပါ ပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ကင်းလွတ်စေရမည်-

(က) သာသနာ့ဝန်ထမ်းများ၊

(ခ) အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)၊

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ၊

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်း မသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ၊

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

## အခန်း (၇)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၃။ မည်သူမဆိုအောက်ဖော်ပြပါ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတခုခုကို ခိုင်လုံသော အကြောင်းပြချက်မရှိပဲ ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးမြို့နယ်အဖွဲ့က ပုဒ်မ ၉၊ ပုဒ်မခွဲ (က) အရ မှတ်ပုံတင်ရန်အတွက် ဆင့်ခေါ်ချိန်တွင် လာရောက်သတင်းပို့ရန် ပျက်ကွက်ခြင်း၊

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးမြို့နယ်အဖွဲ့က ပုဒ်မ ၉၊ ပုဒ်မခွဲ (ခ)အရ ဆေးစစ်ရန်အတွက် ဆင့်ခေါ်ချိန်တွင်လာရောက် သတင်းပို့ရန် ပျက်ကွက်ခြင်း၊

Myanmar Law Information System (MLIS)

(ဂ) ဆေးစစ်ခြင်းအောင်မြင်သော်လည်း ပုဒ်မ ၁၀ အရ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးမြို့နယ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် ဆင့်ခေါ်ချိန်တွင် လာရောက်သတင်းပို့ရန် ပျက်ကွက်ခြင်း၊

(ဃ) ပုဒ်မ ၂၁၊ ပုဒ်မခွဲ (ခ)အရ စစ်စည်းရုံးခြင်း အမိန့်ထုတ်ဆင့်ချိန်တွင် မိမိအတွက် ကြိုတင်သတ်မှတ်ပေးထားသော တပ် သို့မဟုတ် ဌာနသို့ သွားရောက်သတင်းပို့ရန် ပျက်ကွက်ခြင်း၊

(င) ဤဥပဒေအရ မိမိဖော်ပြရမည့် အကြောင်းအရာတစ်ခုခုနှင့် စပ်လျဉ်း၍ မမှန်မကန်ဖော်ပြခြင်း။

(စ) ပြည်သူ့စစ်မှုထမ်းရန် ကာလပြီးဆုံးသော မိမိ၏ အလုပ်သမားအား ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ခ) အရ အလုပ်ခန့်ထားရန် ပျက်ကွက်ခြင်း။

၂၄။ မည်သူမဆိုစစ်မှုထမ်းဆောင်ခြင်းမှ တိမ်းရှောင်လွှဲဖယ်လိုသည့်အကြံဖြင့် အောက်ပါပြစ်မှု တစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) မိမိကျန်းမာရေးအဆင့်အတန်းကို နိမ့်ကျစေလိုသောအကြံဖြင့် မိမိကိုယ်ကို အနာရောဂါစွဲကပ်ဟန်ဆောင်ခြင်း၊

(ခ) မသန်မစွမ်းဟန်ဆောင်ခြင်း၊

(ဂ) မိမိကိုယ်ကို ရောဂါစွဲကပ်စေရန်လည်းကောင်း၊ မသန်မစွမ်း ဖြစ်စေရန်လည်းကောင်း ပြုလုပ်ခြင်း၊

(ဃ) မိမိ၏ အနာရောဂါကိုဖြစ်စေ၊ မသန်မစွမ်းခြင်းကိုဖြစ်စေ၊ ပျောက်ကင်းအောင် မကုသဘဲ တမင်နှောင့်နှေး ကြန့်ကြာစေရန် လည်းကောင်း၊ ပိုမိုဆိုးရွားလာစေရန်လည်းကောင်း ပြုခြင်း၊

(င) မိမိအလိုအလျောက် မိမိကိုယ်ကို အနာတရဖြစ်စေရန် ပြုခြင်း၊

(စ) အခြားနည်းများဖြင့် ပြုလုပ်ခြင်း။

၂၅။ ဤဥပဒေအရ ဆောင်ရွက်ရသော နိုင်ငံ့ဝန်ထမ်းတစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းဝင် တစ်ဦးဦးသည် မိမိတာဝန်ကို မရိုးမဖြောင့်သော သဘောဖြင့်ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအားသုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၆။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို အားပေးကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၇။ ပုဒ်မ ၂၃ ပါ ပြစ်မှုကိုကျူးလွန်ကြောင်းစွဲဆိုသည့် အမှုတွင် ယင်းပျက်ကွက်မှုများနှင့် စပ်လျဉ်း၍ ခိုင်လုံသော အကြောင်းပြချက် ရှိကြောင်း သက်သေထင်ရှား ပြသရန်တာဝန်သည် တရားခံအပေါ်၌ ကျရောက်စေရမည်။

Myanmar Law Information System (MLIS)

၂၈။ နိုင်ငံသားတစ်ဦးသည် ပုဒ်မ ၂၃ နှင့် ၂၄ ပါ ပြဋ္ဌာန်းချက်များကိုဖောက်ဖျက်ကျူးလွန်မှု အတွက် ပြစ်မှုဆိုင်ရာ ပြစ်ဒဏ်ထင်ရှားစီရင်ခြင်းခံရပြီး ဖြစ်စေကာမူ ဤဥပဒေအရ ပြည်သူ့စစ်မှုထမ်း ဆောင်ခြင်းမှ ကင်းလွတ်ခွင့်မရှိစေရ။

## အခန်း (၈)

## အထွေထွေ

၂၉။ နိုင်ငံတော်အစိုးရသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို နည်းလမ်းတကျနှင့် ထိရောက်စွာ ဆောင်ရွက်နိုင်ရန် လိုအပ်သော အဖွဲ့နှင့် ကော်မတီများကို ဖွဲ့စည်းတာဝန်ပေးနိုင်သည်။

၃၀။ ဤဥပဒေပုဒ်မ ၂၆ ပါ ပြစ်မှုကို ရဲအရေးပိုင်သော ပြစ်မှုအဖြစ်သတ်မှတ်သည်။

၃၁။ ဥပဒေစည်းမျဉ်း စည်းကမ်းနှင့်အညီ မိမိတာဝန်ကို သဘောရိုးဖြင့် ဆောင်ရွက်သော အဖွဲ့အစည်း တစ်ရပ်ရပ် သို့မဟုတ် အဖွဲ့အစည်းဝင် တစ်ဦးဦး၏ လုပ်ဆောင်ချက်သည် ပြစ်မှုကြောင်းအရ လည်းကောင်း၊ တရားမကြောင်းအရ လည်းကောင်း တာဝန်မရှိစေရ။

၃၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကာကွယ်ရေးဝန်ကြီး ဌာနသည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြား ချက်များကို ထုတ်ပြန်နိုင်သည်။

၃၃။ ၁၉၅၉ ခုနှစ် ပြည်သူ့စစ်မှုထမ်းအက်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(ပုံ)သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

Myanmar Law Information System (MLIS)

## Lin Myanmar Legal Services



### (၁) DICA ဆိုင်ရာဝန်ဆောင်မှုများ

- ကုမ္ပဏီအသစ်ဖွဲ့စည်းမှတ်ပုံတင်ခြင်း၊ကုမ္ပဏီလိပ်စာပြောင်းခြင်း၊အမည်ပြောင်းခြင်း
- ဒါရိုက်တာအပြောင်းအလဲများပြုလုပ်ခြင်း၊ဒါရိုက်တာများ၏ရှယ်ယာအပြောင်းအလဲများပြုလုပ်ခြင်း
- မတည်ငွေရင်းအတိုးအလျှော့များပြုလုပ်ခြင်း၊နှစ်စဉ်အစီရင်ခံစာများတင်ပေးခြင်း
- ပုံစံထုတ်ယူပေးခြင်း(Company Extract Form)၊Share Transfer များအခွန်ဆောင်ပေးခြင်း

### (၂) စာချုပ်စာတမ်းများ မှတ်ပုံတင်ခြင်းဆိုင်ရာ ဝန်ဆောင်မှုများ

- ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်း၊မူပိုင်ခွင့်တင်သွင်းခြင်း
- GP/SPမှတ်ပုံတင်၊မိမိတို့ချုပ်ဆိုလိုသောစာချုပ်အမျိုးမျိုးကိုမှတ်ပုံတင်ခြင်း
- နိုင်ငံခြားသားများ နေထိုင်ခွင့်ပါမစ်သက်တမ်းတိုးပေးခြင်း၊ Form-C တိုင်ပေးခြင်း

### (၃) စည်ပင် (YCDC) ဆိုင်ရာ ဝန်ဆောင်မှုများ

- မြို့နယ်လုပ်ငန်းလိုင်စင်များလျှောက်ခြင်း
- ကျန်းမာရေးထောက်ခံချက်/ပတ်ဝန်းကျင်သယံဇာတထောက်ခံချက်များလျှောက်ခြင်း
- မြေအမည်ပေါက်မှန်/မမှန်စစ်ပေးခြင်း၊ ပါမစ်/ဂရန်မိတ္တူမှန် လျှောက်ပေးခြင်း
- ပါမစ်များ၊ဂရန်များ အမည်ပေါက်ပြောင်းလဲခြင်းများ

## (၅) ဥပဒေဆိုင်ရာ ဝန်ဆောင်မှုများ

- အိမ်ခြံမြေတိုက်ခန်း ရောင်း/ဝယ်/ငှားစာချုပ်များချုပ်ဆိုပေးခြင်း
- ကုမ္ပဏီများအတွက် ဥပဒေအကြံများပေးခြင်း
- ပြစ်မှု၊တရားမမှုများ ဆွေးနွေးတိုင်ပင်၍အမှုစွဲဆိုပေးခြင်း
- အသိပေးအကြောင်းကြားစာများပို့ပေးခြင်း ၊ အများသိစေရန်ကြော်ငြာများ ကြေညာပေးခြင်း
- ကုမ္ပဏီအစုရှယ်ယာအရောင်းအဝယ်စာချုပ်များ ချုပ်ဆိုပေးခြင်း
- နှစ်ဦးသဘောတူအစုရှယ်ယာစာချုပ်များ၊လုပ်ငန်းပူးပေါင်းစာချုပ်များချုပ်ဆိုပေးခြင်း
- အလုပ်ရှင်၊အလုပ်သမားစည်းကမ်းသဘောတူညီချက်စာချုပ်များရေးသားပေးခြင်း
- ကုမ္ပဏီများ၏ နှစ်ရှည်မြေ/အဆောက်အအုံငှားရမ်းခြင်းစာချုပ်များ ချုပ်ဆိုပေးခြင်း
- မိမိတို့တစ်ဦးချင်းစီ၏ချုပ်ဆိုလိုသော အကြောင်းအရာ များအပေါ် ပဋိညာဉ်စာချုပ်များ ရေးသားချုပ် ဆိုပေးခြင်း မိသားစုစီမံမှုစာချုပ်များ ရေးသားချုပ်ဆိုပေးခြင်း
- နိုင်ငံခြားသား များ နှင့်တရားရုံးတွင် တရားဝင် လက်ထပ်မှတ်ပုံတင်/စာရင်းသွင်း လက်မှတ်ထိုးရန်ဆောင် ရွက်ပေးခြင်း
- လက်ထပ်ခြင်း၊ ကျမ်းကျိန်ခြင်း၊ ကွာရှင်းခြင်းကိစ္စများ ဆောင်ရွက်ပေးခြင်း
- စာချုပ်များ ဘာသာပြန်ဆိုပေးခြင်း (မြန်မာ၊အင်္ဂလိပ်၊ကိုရီးယား)
- နိုတြီအမျိုးမျိုးဘာသာပြန်၊တံဆိပ်တုံးထုအပြီးအစီးဆောင်ရွက်ပေးခြင်း

## Protax Tax and Accounting Service



- လချုပ်စာရင်း ၊ သုံးလပတ်စာရင်း ၊ နှစ်ချုပ်စာရင်း ဆွဲပေးခြင်း
- သုံးလပတ်စာရင်း ၊ နှစ်ချုပ်စာရင်း များကို online E-Filing ဖြင့်တင်ပေးခြင်း
- Stock Taking ကောက်ပေးခြင်း (လစဉ်၊ သုံးလတစ်ကြိမ်၊ တစ်နှစ်တစ်ကြိမ်) ကုန်လက်ကျန်များ ground ကောက်

  ပေးခြင်း
- Software set up လုပ်ပေးခြင်းနှင့် Training ပေးခြင်း
- အခွန်ထမ်းလျှောက်ပေးခြင်း၊က.သ.ခ (၂) လျှောက်ပေးခြင်း
- သက်ဆိုင်ရာအခွန်ရုံးတွင်သက်ဆိုင်ရာဘဏ္ဍာနှစ်အလိုက် အခွန်စာရင်း ရှင်းလင်းပေးခြင်း
- ကုမ္ပဏီဆိုင်ရာအခွန်များ ၊စာချုပ်စာတမ်းအခွန်များ၊ အိမ်ခြံမြေအခွန်များဆောင်ပေးခြင်း
- ကုမ္ပဏီဖျက်သိမ်းရန်အတွက်ဆောင်ရွက်ပေးခြင်း

အထက်ပါဝန်ဆောင်မှုများအား အသေးစိတ်သိရှိလိုပါကအောက်ပါအတိုင်းဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။


☎ 이근재 대표, Kakao ID : benice4u, dreamnhope1@gmail.com

☎ Thu Thu Zin, +959 263 696 968, thuthuzin.protax@gmail.com

☎ Thiri Aye, +959 448 543 269, abcglobal1111@gmail.com

☎ Eaindray Oo, +959 898 159 191, Eaindrayoo556@gmail.com

# *Lin Myanmar News Letter*

**린 미얀마는 비지니스를 압니다. 미얀마를 압니다**

**2025 년 1 월 31 일 / 번호 - 2025 – 01**

麟 법무법인 린

**존경하는 고객 여러분께,**

Protax & Daeji Co.,Ltd 를 믿어주시고 일을 맡겨주신 여러분들께 더 나는 서비스를 제공하기 위해 세무 및 법률관련 부처에서 발표한 정보 및 공지사항 입니다.

**안녕하세요.**

**이번 뉴스레터에서는 관세청 MACCS 부서의 공지사항 (공지번호 001/2025), 수출입 관련 뉴스레터 (7/2024), 그리고 국민복무법 제 22 조에 따른 면제, 감면 및 연기 대상자에 대한 정보를 제공해 드립니다.**

# 공지사항

1. 수출입 관련 공지사항 (7/2024) 에 명시된 5 개 품목군 중 4 개 품목군과 HS 코드 10 자리 기준 685 개 품목에 대해 세관 창고 보관 허가 신청을 할 경우, 2025 년 1 월 1 일부터 시행됩니다. 또한, 시스템을 통해 수입되는 원자재, 기계 및 관련 부품을 세관 창고에 보관할 수 있도록 허가 신청을 할 경우, 2024 년 12 월 1 일부터 시행될 예정임을 세관청에서 공지합니다.

2. CMP 방식으로 수입되는 원자재, 기계 및 관련 부품의 세관 창고 보관 허가를 신청하는 경우, 해당 기업은 반드시 미얀마 투자위원회 (MIC) 로부터 CMP 운영 허가를 받은 기업이어야 하며, 수입하는 CMP 단체는 세관 창고 보관 허가를 위한 승인서를 제출해야 함을 안내드립니다.

**미얀마 세관청**

Unofficial Translation

**관세청, MACCS 부서 공지 번호 (001/2025)**

**날짜: 2025 년 1 월 25 일**

수입업자, 수출업자 및 세관 신고서를 제출하는 분들께 알립니다.

1. 기획재정부의 공지문 번호 (90/2024) 에 따라, 관세청은 2025 년 1 월 1 일부터 수입 및 수출 상품에 대해 미얀마 중앙은행에서 매일 발표하는 시장 환율 (Market Trading Rate) 을 기준으로 한 주간 환율 (Weekly Exchange Rate) 을 적용하여 세금을 부과하고 있습니다.

2. 현재 기획재정부는 이전에 발표된 공지문 번호 (90/2024) 를 폐지하고, 공지문 번호 (8/2025) 를 새로 발표하였습니다. 해당 공지문에 따라, 2025 년 1 월 25 일 00:00:01 부터 수입 및 수출 상품에 대해 미얀마 중앙은행에서 매일 발표하는 기준 환율(Reference Rate)을 기준으로 한 주간 환율(Weekly Exchange Rate)을 적용하여 변경 시행할 예정임을 알려드립니다.

MACCS

**관세청**

Unofficial Translation

국민군사법에 따른 면제, 경감, 연기된 의무자들

국민군사법 제 22 조에 따르면, 다음의 사람들은 국민군사 의무에서 면제되어야 한다고 규정되어 있습니다:

(가) 종교인

(나) 결혼한 여성(이혼했더라도 자녀가 있는 여성 포함)

(다) 신체적 장애로 영구적으로 불능인 사람

(라) 군 의료위원회에서 국민군사 의무를 수행할 수 없다고 판명된 사람

(마) 국민군사 의무 연기 명령을 받은 사람

국민 군복무 면제자들

(가) 지능이 부족하거나 도덕적 품행이 나쁜 이유로 군복무를 하지 않도록 인정된 자들
(나) 정신적 문제로 인해 정신건강 검사 기준에 따라 정신적 불안정자로 판별된 자들
(다) 국가를 위해 필수적인 역할을 하고 있으며 대체할 수 없는 전문가들

(라) 전투 중 전사한 군인들, 미얀마 경찰, 민간 군대의 자녀들 (양자 및 입양된 자녀는 제외) 주: 만약 자녀들이 자발적으로 군복무를 원한다면 군복무를 허가할 수 있다.

(마) 아세안, 아시아, 세계 수준에서 국가 명예를 지킨 금, 은, 동메달을 획득한 운동선수들

(바) 국가 공무원으로 2 년 이상의 경력이 있는 의사 및 간호사들

(사) 2 년 이상의 경력을 가진 군인들로, 대체가 불가능한 민간 공무원들

(아) 군복무 면제를 위해 충분한 사유를 강력히 제시할 수 있는 자들

**경감 조치**

1. 국민 군복무 경감를 허가할 수 있는 자는 아래와 같습니다:

Unofficial Translation

(가) 신청자의 부모 양측이 국가 공무원으로 20 년 이상 근무 중이거나, 국가 공무원으로 근무한 후 정년퇴직한 경우, 해당 신청자는 법적으로 군복무 기간의 절반까지 경감받을 수 있습니다.

(나) 신청자의 부모 중 한 명이 국가 공무원으로 20 년 이상 근무 중이거나, 국가 공무원으로 근무한 후 정년퇴직한 경우, 해당 신청자는 법적으로 군복무 기간의 3 분의 1 까지 경감받을 수 있습니다.

(다) 군복무 중 부상을 입은 군인이 부상을 입은 날짜 이후로 남아 있는 군복무 기간에 대해 경감를 받을 수 있습니다.

**군복무 연기**

국민군사법 제 15 조(가)에 의거하여, 국민 군복무를 호출하는 중앙위원회는 각 지방 또는 주 부서에서 제출된 신청자들의 군복무 신청서를 심사할 때, 아래와 같은 경우에는 군복무를 일시적으로 연기할 수 있다고 규정하고 있습니다:

(가) 건강상의 이유로 군복무가 일시적으로 불가능한 자로, 해당 군의 의료 심사위원회에서 증명한 자들.

(나) 국가 공무원들.

(다) 현재 교육을 받고 있는 학생들.

(라) 다른 보호자가 없는 노인이나 부양이 필요한 가족을 돌보는 자들.

(마) 마약 중독 치료를 받고 있는 자들.

(바) 현재 형벌을 받고 있는 자들.

1. 중앙위원회는 군복무 호출 명령서를 받은 날로부터 지정된 날짜 전까지, 아래와 같은 사유로 군복무 연기를 허가할 수 있습니다:

(가) 군복무 호출 명령서를 받은 날로부터 지정된 날짜 전까지, 부모 중 한 명 또는 결혼한 경우 두 부모가 갑작스럽게 사망한 경우.

Unofficial Translation

(나) 군복무 호출 명령서를 받은 날로부터 지정된 날짜 전까지, 사고나 외부 원인으로 신체의 일부에 심각한 부상을 입은 경우.

(다) 법에 따라 구속 중이거나, 법원에서 형사 재판을 받고 있는 자들.

(라) 국가의 필요에 따라 특정 분야를 학습 중인 자들.

(마) 군복무 연기가 긴급히 필요한 자들.

Unofficial Translation

# Union of Myanmar

## State Peace and Development Council

## People Military Service Law

## (State Peace and Development Council Law No. 27/2010)

## B.E. 1372 12th the Waning Moon Day of ThidinGyut

## (November 4, 2010)

Myanmar Law Information System (MLIS)

As every citizen is under a duty to safeguard the independence, sovereignty and the territorial integrity of the Union of Myanmar, in order to serve that duty, the State Peace and Development Council instate the following law that every citizen should undergo military training and to serve in the armed forces to defend the State.

## Part I

## Title, Enforcement and Definition

1. (a). This law shall be called the "**Public Military Service Law**".

1. (b). This law come into force on the day that the State Peace and Development Council enacted the law by order.

2. The following expressions contained in this law shall have the meanings given hereunder-

(a). **Public military service personnel** is a citizen who undergoes military service under this law.

(b). **Anyone who is eligible for military** means, if a male, any citizen from the age of 18 to 35 and if a female, any citizen from the age of 18 to 27, if he is an expert (professional occupation) male, a citizen from the age of 18 to 45, if she is an expert female , a citizen from the age of 18 to 35.

(c). **Tatmadaw technician** means people serving in the defense forces and those who are enlisted as technicians and technical experts according to criteria of Defense service council.

(d). **Expert** means those who are medical doctora, engineera, technicians or anyone who practices some form of expertise.

(e). **Family member** means a parent, husband or spouse, son, daughter, or sibling.

(f). **Member of Religious Order** means

(1). For Buddhism, anyone who is permanently serving for Buddhism religious purposes and holding a certificate relating to religious affairs, such as monk, novice and nun.

(2). For Christianity, anyone who performs religious duties and who churches acknowledge as a "Reverend".

(3). For Hinduism, anyone who is a Sanyasi, Mahan or Hindu monk.

(g). **Student** means anyone who is studying at any university, college or institute operated by the state or any institution acknowledged by the government.

**Part II**

**Duration of Military Service**

3. Hereunder, It is enacted for the duration of military service:-

(a). Any citizen who are eligible for military service can be called upon to serve for military service not more than 24 months.

(b). Any citizens who are eligible for military service and if the state calls upon him or her for Tatmadaw (military) technician service, he or she has to serve not more than 36 months.

(c). Any citizens who are in eligible age for military service as expert, he or she can be called upon to serve for the military service not more than 36 months.

4. If the state is under an emergency, the government can extend the military service up to 5 years.

5. When calculating service duration for a citizen military servant, it shall not be included and counted for the duration of other form of punishment rather than court Marshall under 1959 Tatmadaw Act, and duration of sentence from court Marshall or civil court.

**Part III**

**Formation of different levels of drafting committee for citizen military servant and the functions and duties**

6. The government or an agency authorized by the government shall form a Central Body for drafting citizen military servant.

7. The Central Body for drafting citizen military servant shall:-

(a).form bodies underneath of it in Regional level, State level, District level and Township level as required.

(b) For citizen military service draftees, the Tatmadaw Medical Examination Board will inspect their health condition.

8. Ward of Village-tract Peace and Development Council shall collect and enlist those citizens who are residing in their respective areas and eligible for military service on 31st December, and must report to Township level drafting board of citizen military service on 1st January, with prescribed criteria.

Myanmar Law Information System (MLIS)

9. Township level drafting board of citizen military service shall:-

(a). register all citizens who are eligible for serving military duty and issue certificate for those registrations.

(b).Eligible citizens with issued certificate shall be summoned for medical examination.

10. (a). The citizen who is summoned for citizen military service by Township level drafting board of citizen military service must report to in time within the given duration, without absence to show, to the department or unit mentioned in the draft order.

(b). For a purpose relating to this law, a draft order summoning to someone who is eligible to serve the military service, must be sent to respective individual. In case, the individual cannot be reached, the order must be handed over to one of family members in front of a witness. It must be accepted as the order is handed over to the respective individual.

11. A citizen who is recognized as citizen military servant, he or she must follow 1959 Tatmadaw Act on the date of recognition.

12. Township level drafting board of citizen military service shall:-

(a). Inspect the following facts, if a citizen is summoned for serving in the military and he or she appeals in written letter for exemption for military service, or reduce the duration of military service, or to postpone the military service to a specific period with reasons;

(1) the bio-data of the individual is correct or not;

(2) the reasons are sensible or not;

(3) the letter is attached with sufficient evidences or recommendations or not.

(b). If the bio-data submitted is not sufficient for the appeal letter or missing necessary evidences and recommendation, the board shall demand from the applicant.

(c). If the requirements for sub-section (a) and (b) are done, the appeal letter for the summoned for military service, together with medical record from Tatmadaw medical examination board, the board's inspection note and remarks, shall be submitted to District level drafting board of citizen military service.

(d). The board shall collect and record those who have requirement criteria and are eligible for military service in the township and submit to the upper levels of board.

13. District level drafting board of citizen military service shall report the appeal letters from Township level board with its remarks to the Regional or State level drafting board of citizen military service.

Myanmar Law Information System (MLIS)

14. Regional or State level drafting board of citizen military service shall report the appeal letters from District level board with its remarks to the Central Drafting Board of citizen military service.

15. (a). While the Central Drafting Board inspecting appeal letters from Regional or State level drafting boards of citizen military service, it can temporarily postpone the military service duty to those appropriate with underneath criteria;

(1). Those who fail to meet medical fitness for military service with recommendation from Tatmadaw medical examination board;

(2). Public servants;

(3). Students;

(4). Those who are taking care of their helpless aged parents;

(5). Those who are under medical treatment for terminating drug abuse and;

(6). Those who are imprisoned.

(b). Individuals listed under sub-section (a) shall fulfill their temporarily postponed military service, even after their age is beyond the eligible age.

## Part IV.

## Privileges for Citizen Military Servants

16. A citizen military servant can enjoy salaries and fees per assigned rank and order during his or her military service.

17. If a citizen military servant losses his or her life or injured during his or her duty, it is involved with the duty, he or she can enjoy the benefit recognized in the Tatmadaw.

18. (a) If the public servant is serving under citizen military service duty, the duty period shall be acknowledged as his or her duty time.

(b) A worker who finished his or her military service term according to section (3) and (4), shall be re-employed by the employees in his or her original occupation or similar job.

19. The individual finishes his or her military service term according to section (3) and if he or she voluntarily wants to join the Tatmadaw, he or she can be accepted according to rules and regulation.

20. The individuals those who are graduated a Ph. D. or a professional degree, or sufficient with occasionally acknowledged criteria, they can be appointed gazetted officers in emergency.

## Part. V

## Military mobilization

Myanmar Law Information System (MLIS)

21.(a) When there arises or there is sufficient reason to arise a state of emergency endangering defense and security of state in a region, or in the whole state, the government shall issue order to mobilize all eligible citizens or some citizens or, all citizens those finish military service, or some of them, and summoned them for military service, in appropriate region.

(b). If the order is issued according to sub-section (a), all those mobilized citizens report in time to respective draft boards, within given duration. They must perform their military duties in assigned units or departments.

(c).The Central Drafting board can direct and assign a mobilized citizen to continue his or her original duty, per requirement.

**Part.VI**

**Exemption from Citizen Military Service**

22. The following individuals shall be exempted from citizen military service;

(a). Member of religious order;

(b). Housewives (including those women with children even she is divorced.);

(c). People with permanent disability;

(d). Individuals those are recognized as permanently inappropriate for military service by Tatmadaw medical examination board; and

(e). Those who are exempted by order from Central Drafting Board.

**Part. VII**

**Crime and Punishment**

23. Anyone who conduct or failure to act the following acts without any apparent reason, and found guilty, the individual can be sentenced with imprisonment with less than three years or fine or both.

(a).If someone fails to report when Township level drafting board of citizen military service summons to register at the center according to Section 9, sub-section (a);or

(b). If someone fails to report when Township level drafting board of citizen military service summons to come for medical examination according to Section 9, sub-section (a);or

(c). If someone fails to report when Township level drafting board of citizen military service summons to serve in military service after passing medical examination according to Section 10; or

(d). If someone fails to report to the pre-assigned unit or department when military mobilization order comes out according to Section 21, sub-section (b); or

Myanmar Law Information System (MLIS)

(e). If someone incorrectly mention the facts which is required relating to this law; or

(f). If someone fails to re-employ his or her own worker who finish the term of citizen military service according to section 18, sub-section (b).

24. If someone commits one of the following offences in order to avoid military service and is found guilty, the individual can be punished sentenced with imprisonment with less than five years or fine or both.

(a). Pretending illness or injured in order to degrade health standard,

(b). Pretending to be disabled,

(c). Inflicting injury to his or her own body or making to be infected some disease,

(d). Making intentionally to prolong the illness or to inflict disability and deterioration of the disease without taking proper medical care,

(e). Inflicting his or her own body voluntarily, and

(f). Doing other ways.

25. If a public servant or a member of organization, who is acting under this law, commit an offence with dishonest intention, or fail to do something, and is found guilty, the individual can be sentenced with imprisonment with less than three years of fine or both.

26. If someone is assisting to commit an offence violating against this law, and is found guilty, the individual can be sentenced with imprisonment with less than a year or fine or both.

27. If someone is accused with committing an offence according to section 23 of this law, the individual is solely responsible to submit evidence for reliable reason.

28. A citizen is even after serving the term of sentence for violating an offence according to section 23 and 24, the individual shall not be exempted for citizen military service according to this law.

**Part. VIII**

**General**

29. The government shall form any required organization and committees and assign duties to effectively implement the prescription of this law.

30. The violation of offence against section 26 of this law can be recognized as an offence of police case.

31. Action of any organization or a member of organization, while fulfilling its own duty with sincere intention and in accordance with regulations and procedure, shall not be responsible for criminal or civil suit.

32. For implementation of this law, the Defense Ministry shall enact required regulations, by-laws procedures, announcements , orders and directives.

Myanmar Law Information System (MLIS)

33. The '1959 Public Military Service Act' is repeated by this law.

Signed. Than Shwe

Senior General Chairman

The State Peace and Development Council

Myanmar Law Information System (MLIS)

**Lin Myanmar Legal Services**



## 1.DICA 관련 서비스

- 법인설립 & 사업자등록 (Local, Foreign Company)
- 이사변경 신청
- 이사지분 변경
- 법인 주소, 이름 변경
- 증자 , 감자
- 회사 등기서류 (Company Extract Form)
- 주식 양도
- GP/SP ( 부동산 거래 위임장)
- 주권 실물 발행 ( 은행 주식 담보업무)

## 2. 계약서 등의 등록을 위한 서비스

- 로고, 상표 등록
- 특허 등록
- 연간 수익

## 3.MIC 관련 서비스 / 투자 허가 서비스

- MIC 허가 신청
- 제안서 제출
- 기계 수입 신청, 사업 개시일 신청
- 회사 계좌 개설
- 외국인 체류 허가 신청
- 외국인 체류기간 연장
- Form-C 신청
- 원하시는 계약

## 4.YCDC 관련 서비스

- Health Recommendations, Environmental and Resource Recommendations 신청
- Land Permit/Grant Certified Copy 신청
- 부동산 소유자 확인
- YCDC Permit 신청

## 5.법률 서비스

- 형사 민사 사건
- 주택 매매, 아파트 임대 계약
- 기업 법률자문
- 형사 사건 상담, 재판에 회부
- 공유계약
- Sending Notice and Notification
- 주식 매매계약
- 신문공부
- 근로계약
- Companies' long-term land building rent contracts
- 외국인 혼인신고
- Marry, Oath, Divorce cases supported
- Family Signed Management contracts

- 계약서 번역 {Myanmar, English, Korea}
- Translating Notary, Stamp measures

## Lin Tax and Accounting Service



- 재무제표 서비스 {분기별, 월별, 연간}
- 분기별 상업세 신고, 연도별 소득세

  Online E-Filing 시스템으로 제출
- 재고조사 {매달, 세달에 한번, 일년에 한번}
- 소프트웨어 설정 및 교육
- 납세자 등록
- 상업세 등록
- 연도별 과세 처분
- 법인 세금, 계약 세금, 부동산 세금
- 법인 폐업

위에 있는 서비스들을 받고 싶으시거나 기타 문의 상황이 있으시면 아래로 연락

- 이근재 법인장, Kakao ID : benice4u, dreamnhope1@gmail.com
- Thu Thu Zin, +959 263 696 968, thuthuzin.protax@gmail.com
- Thiri Aye, +959 448 543 269, abcglobal1111@gmail.com
- Eaindray Oo, +959 898 159 191, eaindrayoo556@gmail.com

다시 한번 저희 Lin Myanmar 와 함께 해주셔서 감사드립니다.